ကျောက်ဖြူကျေးရွာ

လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ဖြူကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

CamScanner

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျောက်ဖြူကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး | ၁၂ |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၃ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၄ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၆ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၅၉ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၃ |
| | | |
| | | |
| | | |
| | | |




CamScanner

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ



CamScanner

အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ဖြူကျေးရွာ

လောင်းလုံးမြို့နယ်



CamScanner

ကျောက်ဖြူကျေးရွာ သယ်ဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ကျောက်ဖြူကျေးရွာသည် ပထဝီအနေအထားအရ တောင်တန်းနှင့် မြေနိမ့်ချိုင့်ဝှမ်းဖြစ်ပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများနှင့် ကဒက်ငယ်ဆိပ်ကျေးရွာ၊ အနောက်ဘက်တွင် ဥယျာဉ်ခြံများနှင့် ကဒက်ငယ်ထိန်ကျေးရွာ၊ မြောက်ဘက်တွင် ရေဖြူကျေးရွာ၊ တောင်ဘက်တွင် လယ်ကွင်းများနှင့် ကဒက်ကြီးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ် နေပါသည်။ ကျောက်ဖြူကျေးရွာသည် အုပ်စွဲခွဲကျေးရွာဖြစ်ပြီး ရေဖြူကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ လောင်းလုံးမြို့မှ (၆)မိုင်ခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုလည်း ကောင်းမွန်ပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၉) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိ ဖြစ်ပါသည်။ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ကျောက်ဖြူကျေးရွာတွင် ဓာတ်သတ္တု နှင့် အခြားသဘာဝအရင်း အမြစ်များ မတွေ့ရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ ကျောက်စရစ်များကို အနည်းအငယ် အသုံးချ နိုင်သော်လည်း ခက်ခဲပါသည်။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်ုပ်တို့ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် အပျို/လူပျိုအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ရပ်မိရပ်ဖ အဖွဲ့နှင့် လူငယ်အဖွဲ့ စသည့် အဖွဲ့များရှိပါသည်။ ထိုအဖွဲ့များအနက် လူငယ်အဖွဲ့မှာ စွမ်းဆောင်နိုင်မှု အကောင်းဆုံးဖြစ်ပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဘာသာရေး၊ သာရေး နာရေး/လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေး စသည့် ကျေးရွာ၏ လိုအပ်ချက်မှန်သမျှကို စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်ပြီး အဓိကအားဖြင့် အဖွဲ့ဝင် (၂၉)ဦးရှိပါသည်။ ထို့အပြင် ရပ်မိရပ်ဖအဖွဲ့မှာလည်း ကျေးရွာ၏ လိုအပ်ချက်မှန်သမျှ ဆောင်ရွက် ပေးပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ



CS CamScanner

အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသဖြင့် အမျိုးသမီးပါဝင်ဖွဲ့စည်းပါက စွမ်းဆောင်နိုင်မှု ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဂေါပကအဖွဲ့မှာ ဘာသာရေးကို အဓိက ထား ဆောင်ရွက်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ပညာရေးနှင့် ငွေကြေးကို အဓိက ထားဆောင်ရွက်ကာ အဖွဲ့ဝင်(၇)ဦးပါဝင်ပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများသည် ကျေးရွာ၏ လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပ အဖွဲ့ အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျောက်ဖြူကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း များ အနေဖြင့် World Visionအဖွဲ့ရှိပြီး အဖွဲ့ဝင်(၇)ဦးပါဝင်ပါသည်။ အဆိုပါ အဖွဲ့အစည်း သည် ပညာရေးအတွက် လိုအပ်သော အဆောက်အဦများနှင့် ကျေးရွာသူ/သား များအတွက် သန့်ရှင်းသော အိမ်သာများဆောက်လုပ်ပေးခြင်းတို့အား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် ကျောက်ဖြူကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ နည်းပါး သဖြင့် ပြင်ပအကူအညီများ ပိုမိုရရှိစေရန်အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေ ကြောင်း လေ့လာ တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျောက်ဖြူကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၈၆)စုရှိပြီး ကျေးရွာ အိမ်ထောင်စု၏ (၆၇%)ခန့်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် အများအားဖြင့် ကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြသလို လယ်ယာလုပ်ငန်းကိုလည်း အငှါးပြုလုပ်ကြသူများလည်း ဖြစ်ကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေ ဧကမှာ (၁၃၈.၃၀) ဧကရှိပါသည်။ လယ်မြေမှာ (၈၀.၅၅) ဧကရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ် ခြံမြေ(၅၄.၇၅)ရှိပြီး ရာဘာနှင့် ကွမ်းသီး စိုက်ပျိုးမှု ပိုများပါသည်။ ကျေးရွာတွင် အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာများမရှိပါ။ စိုက်ပျိုးရေအား မြေအောက်ရေ(မိုးရေ)တစ်မျိုးတည်းသာ ရရှိပါသည်။ ထို့ကြောင့် စပါးစိုက်ပျိုးခြင်းအား မိုးရာသီ၌သာ စိုက်ပျိုးလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာအနေဖြင့် တစ်ရွာလုံး၏အဓိကသီးနှံမှာ စပါးအများဆုံးစိုက်ပျိုးပါသည်။ စပါး ထွက်နှုန်းမှာ (၁)ဧကလျှင် အနည်းဆုံးတင်း(၃၀)နှင့် အများဆုံး(၅၀)တင်း ရှိပါ သည်။ ပျမ်းမျှအားဖြင့်

တင်း(၄၀)ရှိကာ စိုက်ပျိုးကေမှာ (၈၀)ကေခန့်ရှိပါသည်။ စပါးသီးနှံအား ဇွန်လမှ အောက်တိုဘာအထိ စိုက်ပျိုးကြပြီး သွင်းအားစုလိုအပ်မှု အလယ်အလတ်ရှိကာ အမြတ်ရရှိနိုင်မှု နိမ့်ပါသည်။ ထို့အပြင် ဒုတိယသီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ကေ(၃၀)ခန့်ရှိကာ အမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု အနေဖြင့် ထွန်စက်(၁၂)စီး၊ လက်တွန်းထွန်စက်(၁)စီး၊ ခြွေလှိမ့်စက်(၁)စီး၊ ရေစုပ် စက်(၁)လုံး၊ ခြေနင်းရေတင်စက်(၄)လုံးနှင့် မြက်ရိတ်စက်(၁၀)စီးတို့ ပိုင်ဆိုင်ကြပါသည်။ စပါးပျိုးထောင်ရန်အတွက် ငှါးရမ်း လုပ်ကိုင် သူများမှာ (၁)ကေလျှင် (၄၀၀၀၀)ကျပ်ပေးရပါသည်။ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခမှာမူ တစ်ကေလျှင် (၅၀၀၀၀)ကျပ် ပေးရပါသည်။ ခြွေလှေ့ စက်မှာ ကျေးရွာ (၁)လုံးသာရှိသဖြင့် ငှါးရမ်းအသုံးပြုနေရသော အိမ်ထောင်စု(၃၀)စုခန့် ရှိပါသည်။ စက် ကိရိယာများမှာ အလှည့်ကျ စောင့်ဆိုင်းရသဖြင့် သီးနှံများ အမှည့်လွန်ကာ အလေအလွင့် အနည်းအငယ်ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ အဆင်ပြေစေရေးတွက် လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကုမ္ပဏီများ စသည်တို့နှင့် ချိတ်ဆက် ပြီး ဝယ်ယူမည်ဆိုပါက တောင်သူများအတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား စီးပွားအဖြစ် မွေးမြူသူများ မရှိသလောက် နည်းပါးပါသည်။ သို့သော်လည်း ကမ်းလွန်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ အလုပ်သမား(၁၂)အိမ် ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသော အုပ်စုများ၏ အဟန့်အတားစိန်ခေါ်မှုများ အနေဖြင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များအား ဝယ်ယူရန်နှင့် ရေရှိနိုင်မှု ခက်ခဲပါသည်။ မွေးမြူရန် မြေနေရာရှိသော်လည်း ရေလုံလောက်မှုမရှိပါ။ ထို့အပြင် ငါး/ပုစွန်များ မွေးမြူရန် သားပေါက်များအား လွယ်ကူစွာ မရနိုင်သည့်အပြင် နည်းပညာ နှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း မရရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ မွေးမြူရေး လုပ်ငန်းအား လုပ်ကိုင်လိုသူ များသည် နည်းပညာ မရရှိသဖြင့် အခွင့်အလမ်းများ ဆုံးရှုံးနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကုန်စုံဆိုင်၊ စက်သုံးဆီဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ခေါင်းရွက်ဗျက်ထိုးရောင်းသူများ၊ ပရိဘောဂလုပ်ငန်း၊ အလူမီနီယမ်လုပ်ငန်း၊ အုတ်လုပ်ငန်း၊ အပ်ချုပ်သား၊ အလှပြင်ဆိုင်၊ ပညာရေးဝန်ထမ်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်စားသောက်ဆိုင်တွင် လုပ်ကိုင်သူ နှင့် ဧည့်လမ်းညွှန် (၁)ဦးလည်း ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများမှာ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြပြီး (၃၇)ဦးခန့်ရှိပါသည်။ ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၈၀၀၀) ကျပ်မှ

အနည်းဆုံး (၆၀၀၀) အထိ ရရှိပါသည်။ လက်လီ လက်ကားရောင်းဝယ်မှုများမှာ အများဆုံး (၅၀၀၀) မှ အနည်းဆုံး (၃၀၀၀) အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၀၀၀၀)မှ အနည်းဆုံး (၇၀၀၀) အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီ များ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။ ယာဉ်၊ စက်ကိရိယာပြင်ဆင်သူများမှာ ဝင်ငွေ ပုံမှန်မရရှိပါ။ ဟိုတယ်နှင့် စားသောက်ဆိုင်တွင် လုပ်ကိုင်သူများမှာ အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ နှုန်းထား တူညီကြောင်း လေ့လာတွေ့ရှိရပါသည်။ထို့အပြင် လျှပ်စစ်မီးရရှိမှုမှာလည်း ကောင်း မွန်ပြီး ထုတ်ကုန်များ ရောင်းချရန် ဈေးကွက်လည်းရှိပါသည်။ ၎င်းအပြင် ချေးငွေ ရရှိနိုင်မှု အနေဖြင့် World Vision အဖွဲ့တွင် ထုတ်ချေးနိုင်သလို ကျောင်းအကျိုးတော်ဆောင် အဖွဲ့တွင် လည်း အတိုးနှုန်း(၂%)ဖြင့် ထုတ်ချေးနိုင်ပါသည်။ ထို့အပြင် အသက်မွေးဝမ်း ကျောင်း နည်း ပညာဆိုင်ရာ ဝန်ဆောင်မှုများအား ရရှိရန် ခက်ခဲသည့်အပြင် အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပညာတစ်ခုခုကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိသဖြင့် အလုပ်အကိုင် အခွင့် အလမ်း နည်းပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်မွေးမဟုတ်သော အုပ်စုများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာနည်းပညာများ ပံ့ပိုးရန် လိုအပ်နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေရရှိ နိုင်သော နေရာများမှာ အသင့်အတင့်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူ လယ်သမား များသည် အပေါင်ခံပစ္စည်း ပုံစံ(၇)ဖြင့် ထုတ်ချေးနိုင်ပါသည်။ ထို့အပြင် အဖွဲ့ အလိုက် ငွေစုငွေချေးအစီအစဉ် အနေဖြင့် World Vision အဖွဲ့မှ ဖွဲ့စည်းပေးထားပြီး အတိုးနှုန်း မှာ (၁.၅%)နှုန်းဖြစ်ပါသည်။ အရေးပေါ်ကိစ္စများ ကြုံတွေ့လာပါက မိတ်ဆွေနှင့် ဆွေမျိုးများ ထံတွင် ချေးငှါး ကြပြီး အတိုးနှုန်းမှာ(၅%)နှုန်းဖြစ်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ရွာတွင်းလမ်း(၂)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ လမ်းများသည် နွေရာသီတွင် အသင့်အတင့် အသုံးပြုနိုင်သော်လည်း မိုးရာသီတွင် ချောင်းမြောင်း တိမ်ကောသဖြင့် လမ်းပေါ်သို့ လမ်းပေါ်တွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကို နှစ်စဉ် ကြုံတွေ့ရပါသည်။ကျေးရွာသူ/သားများသည် မိုးရာသီတွင် တစ်နှစ်လျှင်(၂)ကြိမ် လမ်းပြုပြင် ကြသော်လည်း ထိရောက်မှုနည်းပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်း

အဖြစ်သို့ အဆင့်မြှင့်တင်မည်ဆိုပါက ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး လူနေမှု အဆင့်အတင့်မြင့်မားလာမည်ဖြစ်ပါသည်။ထို့အပြင် ဥယျာဉ်ခြံသွားလမ်းမှာ (၄)ဖာလုံ ခန့် ရှိပြီး ထိုလမ်းမှာ ခြံထွက်သီးနှံများအား သယ်ယူလျက်ရှိပါသည်။ အဆိုပါ လမ်းသည် ကျဉ်းမြောင်းသဖြင့် သွားလာရန် ခက်ခဲပါသည်။ ထို့ကြောင့် အဆိုပါလမ်းအား ဖောက်လုပ် မည်ဆိုပါက သီးနှံများအား အချိန်မရွေးဈေးကွက်သို့ ပို့ဆောင်နိုင်မည် ဖြစ်ပါသည်။ ကျေးရွာ ချင်းဆက်လမ်းများမှာ ကတ္တရာလမ်းများဖြစ်သဖြင့် သွားလာရန် အဆင်ပြေပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား(၁၈'×၅'×၅')(၁)စင်းရှိပြီး ဆောက်လုပ်ထားသည်မှာ (၁)နှစ်ကျော်ခန့်သာရှိသောကြောင့် အရည်အသွေးကောင်းမွန်ကာ ခိုင်ခံ့ခန့်မှု ရှိပါသည်။

ကျေးရွာတွင် ရေလုပ်ငန်းလုပ်ကိုင်သူများသာ စက်လှေကို အသုံးပြုပြီး (၃)စီးရှိ ပါသည်။ စက်ဘီးမှာ ကျောင်းသား/သူများ ကျောင်းသို့သွားလာရာတွင်လည်းကောင်း၊ ဈေးသို့ သွားရာတွင်လည်းကောင်း အသုံးပြုကာ (၄၉)စီးရှိပါသည်။ မော်တော်ဆိုင်ကယ်မှာ အချို့ သော သွားလာရေးကိစ္စ၊ စီးပွားရေး ကိစ္စတွင် အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိကာ (၁၄၂)စီး ရှိပါသည်။ သုံးဘီးဆိုင်ကယ်(၄)စီး နှင့် ကား (၁၉) စီးမှာ ရွာ၏ သယ်ယူပို့ဆောင်ရေးကို အဓိက ထားဆောင်ရွက်ပါသည်။ ၎င်းအပြင် ကားကို ထိုင်းနိုင်ငံသို့ ထီးခီးလမ်းမှ သွားရာ၌ အသုံးပြုပြီး ထိုနိုင်ငံ တွင် အလုပ်လုပ်နေကြသော လုပ်သားများ ကျေးရွာသို့ အသွားအပြန် လုပ်ရန် အဆင်ပြေပါသည်။ ထို့အပြင် ထော်လာဂျီ(၈)စီးမှာ ကျေးရွာမှထွက်ရှိသော ကုန် ပစ္စည်းများကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျောက်ဖြူကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အားလိုင်း ရရှိ နေပြီဖြစ်ပါသည်။ သုံးစွဲသောအိမ်ထောင်စုမှာ (၁၁၂)စုရှိပြီး ပြုပြင် ထိန်းသိမ်းရေးစနစ်လည်း ကောင်းပါသည်။ ထို့အပြင် ဆိုလာစနစ် သုံးစွဲသော အိမ်ထောင်စု (၃)စုနှင့် ဒီဇယ်သုံးအင်ဂျင် သုံးစွဲသူ(၄)စုလည်း ရှိပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဖယောင်း တိုင်မီးကို အသုံးပြုကြကြပါသည်။ ထို့ကြောင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင် လိုသူများအတွက် အခွင့်အလမ်း များစွာ ရှိပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျောက်ဖြူကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၂၆၂)လုံးရှိပြီး ဖုန်းလိုင်းနှင့် အင်တာ နက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ထို့အပြင် ရေဒီယို (၃)လုံး ရှိပြီး အလုပ်လုပ်ကိုင်ရင်း ဖွင့်ထားတတ်လေ့ရှိရာ သတင်းအချက်အလက်နှင့် နည်းပညာ များကို နားဆင့်လေ့ရှိပါသည်။ ထို့အပြင် တီဗွီ(၉၀)လုံးနှင့် စလောင်း(၈၇)လုံးမှ သတင်း



CamScanner

အချက်အလက်နှင့် နည်းပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ စိုက်ပျိုး/ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ အားကစားဆိုင်ရာ အသိပညာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ရရှိ ပါသည်။ကျေးရွာရှိ လူငယ်အများစုသည် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်သောကြောင့် သတင်းအချက်နှင့် နည်းပညာများအား Viber & Messager တို့ဖြင့်သာ ရယူလေ့ရှိကြောင်း လေ့လာတွေ့ရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်း ရှိပါသည်။ ကျောင်းမှာ ရွာအဝင်တွင် ရှိသဖြင့် ခြေလျင်၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှုရှိပါသည်။ ကျောင်းတွင် ကျောင်းသား(၃၈)ဦးနှင့် ကျောင်းသူ(၃၉) စုစုပေါင်း(၇၇)ဦးရှိပြီး မူလတန်းကျောင်း၏ ကျောင်းခင်းဧရိယာမှာ (၆၀'×၃၀') (၁)ဆောင်နှင့် (၆၀'×၄၀')(၁)ဆောင် စုစုပေါင်း(၂)ဆောင်ရှိပါသည်။ (၆၀'×၃၀')အဆောင်မှာ ဆောက်လုပ်ထားသည်မှာ နှစ်(၂၀)ခန့်ကြာမြင့်နေပြီဖြစ်၍ အမိုး၊ အခင်းများ မကောင်းပါ။ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်တွင် ပညာရေးရန်ပုံငွေဖြင့် (၆၀'×၄၀')အဆောင် ရရှိသော်လည်း အကြမ်းထည်ဖြစ်ကာ ပြတင်းပေါက်များ၊ တံခါးများနှင့် အခင်းများ မပါရှိပါ။ ၎င်းအပြင် ကျောင်းသားဦးရေများပြားလာသဖြင့် ကျောင်းသုံးပရိဘောများ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာ အခြေအနေမှာ ယိုင်နေပြီး ပြိုလုဆဲဖြစ်နေပါသည်။ မူလတန်းကျောင်းတွင် အစိုးရခန့် ဆရာ(၁)ဦးနှင့် ဆရာမ(၄)ဦးရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးကို ရေဖြူကျေးရွာကျောင်းတွင် အများအားဖြင့် တက်ရောက်ကြပြီး ဆိုင်ကယ်၊ စက်ဘီးဖြင့် တက်ရောက်ကြပါသည်။ သောက်သုံးရေမှာ ရေတွင်း မရှိသဖြင့် ဝယ်ယူသုံးစွဲရပါသည်။ ကျောင်းတွင် အားကစားပြုလုပ်ရန် အားကစားကွင်း သီးသန့်မရှိပါ။ ကျောင်းခြံစည်းရိုးမှာ အရှေ့တစ်မျက်နှာသာရှိပြီး ကျန်(၃)ဖက် ပြုလုပ်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။

ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက စာမတတ်သူဦးရေမှာ ကျား(၁)ဦးသာရှိပါသည်။ ထို့အပြင် မူလတန်းအဆင့်ရှိသူ (၃၀၃)ဦး၊ အလယ်တန်း အဆင့်ရှိသူ (၁၇၃)ဦး၊ အထက်တန်းအဆင့်ရှိသူ (၈၄)ဦး နှင့် တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ(၅၆)ဦး ရှိပါသည်။ မူလတန်းအဆင့်ရှိသူများသည် အများအားဖြင့် အသက်ကြီးပိုင်းများ ဖြစ်ကြပြီး ယခုနောက်ပိုင်းတွင် ကျေးရွာနေ မိဘပြည်သူများသည် သား/သမီးများအား အတန်းပညာပြီးမြောက်သည်အထိ သင်ကြားပေးမှုက ပိုများပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းတက်နှုန်းမှာ အများဆုံးဖြစ်ပါသည်။ အထက်တန်းနှင့် ကောလိပ်တတ်သူ



CS CamScanner

ဦးရေမှာ အသင့်အတင့် ရှိသဖြင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူ ပြုမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

၇။ ကျန်းမာရေး

ကျောက်ဖြူကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် အုပ်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပါသည်။ ကျေးရွာမှ(၃)ဖာလုံခန့်သာ ကွာဝေးသဖြင့် အဆင်ပြေမှု ရှိပါသည်။ မြို့နယ်ရှိ ဆေးရုံသည် ကျေးရွာမှ(၅)မိုင်ခန့်ဝေးပြီး ဆိုင်ကယ် ငှါးရမ်းခ အသွားအပြန်(၂၀၀၀-၃၀၀၀) အထိပေးရပါသည်။ အရေးကြီးပါက ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူကြပါသည်။ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးသည် ကျေးရွာမှ (၁၈) မိုင်ခန့် ကွာဝေးကာ ဆရာမများ နွေးထွေးစွာ ဆက်ဆံသဖြင့် အဆင်ပြေမှုရှိပါသည်။ ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ဖြစ်ကြပါသည်။ မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုတ် ကွေးရောဂါ အဖြစ်များပြီး အသက်ဆုံးရှုံးမှုများမရှိပါ။ နလုံးရောဂါ၊ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ လေးဖက်နာရောဂါ၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်များလည်း ရှိသဖြင့် ကျန်းမာရေးအတွက် အထောက်အကူများစွာ ရရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကာကွယ်ဆေးထိုးနှံမှုအား ရေဖြူကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် ထိုးနှံရပါသည်။ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အားဆေးများ ကျွေးခြင်း၊ သွေးစစ်ခြင်း စသည်တို့အား လိုအပ်သလို ပြုစုစောင့်ရှောက်ပေးလျက် ရှိသောကြောင့် အဆင်ပြေမှု ရှိပါသည်။ ကလေးများအတွက် ပိုလီယိုရောဂါ၊ဝက်သက်ရောဂါများအတွက် စုပေါင်းကာကွယ်ဆေး ထိုးနှံမှုများလည်း ရှိပါသည်။ World Vision အဖွဲ့မှ အာဟာရ မှတ်တမ်းယူမှုကို တစ်လလျှင် တစ်ကြိမ် ပြုလုပ် ပေးပြီးကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော ပွဲများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၂၁)စုရှိသဖြင့် ကျေးရွာနေအိမ်ထောင်စု၏(၉၅%)ခန့်ရှိနေပါသည်။ မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုမှာ (၇)စုသာရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများသည် ငှါးရမ်းအသုံးပြုကြပါသည်။ ယခုနှစ်တွင် World Vision အဖွဲ့မှ အိမ်သာအခက်အခဲရှိသော မိသားစုများအတွက် ယင်လုံအိမ်သာများကို ဆောက်လုပ်ပေး ပါသည်။ အချို့မှာ မြေနေရာမရှိသဖြင့် ဆောက်လုပ်နိုင်ခြင်း မရှိပါ။ ကျေးရွာတွင် သောက်သုံးရေ ရရှိမှုအနေဖြင့် အဓိကအားဖြင့် လက်တူးတွင်းကို အသုံးပြုကြပါသည်။ တစ်ရွာလုံးအနေဖြင့် လက်တူးတွင်း(၉၈)တွင်းရှိပြီး လက်တူးတွင်း မရှိသော အိမ်ထောင်စုမှာ (၃၀)စုရှိပါသည်။ လက်တူးတွင်း မရှိသော အိမ်ထောင်စုများမှာ တွင်းရှိသော

အိမ်များတွင် မှျတသုံးစွဲကြပါသည်။ ထို့အပြင် ကျေးရွာပိုင် လက်တူးတွင်း(၁)တွင်းရှိပြီး ရာသီမရွေး အသုံးပြုနိုင်ပါသည်။ အိမ်များအတွင်းရှိ လက်တူးတွင်းများမှာ နွေရာသီတွင် ခန်းခြောက် သွားတတ်သဖြင့် ရာသီမရွေး အသုံးပြုနိုင်သော ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ကျေးရွာပိုင်မြေတွင် လက်တူးတွင်းတူးဖော်ပြီး ရေဖြန့်ဝေမည်ဆိုပါက ရာသီ မရွေး သောက်သုံးရေ ဖူလုံစွာ ရရှိလာမည်ဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်ဖြူကျေးရွာတွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုများအနေဖြင့် နွေရာသီတွင် ရေရှားပါးမှု အနည်းငယ် ဖြစ်ပွားတတ်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမှိုက်ပစ်ရန် နေရာသတ်မှတ်ထားခြင်း မရှိသဖြင့် ရွာသူ/သားများသည် မိမိနေအိမ်၌သာ မီးရှို့ပစ်ပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအား စနစ်တကျ စီမံဆောင်ရွက်မည် ဆိုပါက ကျေးရွာသန့်ရှင်းပြီး ရောဂါကင်းလာမည်ဖြစ်ပါသည်။ ကျေးရွာတွင် မြေဆီသြဇာ အခြေအနေ၊ အပင်မျိုးစိတ်များ၊ ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုနှင့် ငါးမျိုးကွဲများ၏ အန္တရာယ်ရှိမှုတို့မှာ မရှိသလောက် နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျောက်ဖြူကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ ခေါင်းဆောင်မှုအပိုင်း ပါဝင်မှုအားနည်းပါသည်။ ထို့ကြောင့် အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖအဖွဲ့တွင် အမျိုးသမီးများထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြပါသည်။ထို့အပြင် ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူနီးပါးရှိပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိပါ။ ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အများစုအသိအမြင်ရှိမှုမှာ အသင့်အတင့်ရှိကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ရေဖြူ | | | ကျေးရွာအမည် - ကျောက်ဖြူ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း | |
| ၂ | စိုက်ပျိုးရေး | စက်ကိရိယာ | ချောင်းမြောင်းတူးဖော်ခြင်း(၁၉၈၀'×၆'× ၄') | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်သော ကုမ္ပဏီ/ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ခြင်း | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်းဆောင်အသစ် အချောကိုင်ခြင်း (၆၀'×၃၀'× ၁၂') | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်း (၂)ခန်းတွဲအိမ်သာ ဆောက်လုပ်ခြင်း | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၁၀)စုံဖြည့်ဆည်းခြင်း | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်းဆောင်အသစ် ပြတင်းပေါက်၊ တံခါးပေါက်များ တပ်ဆင်ခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်းဆောင်အသစ် မျက်နှာကျက် တပ်ဆင်ခြင်း | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.ကကျောင်း ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၁၀ | အခြေခံအဆောက်အဦ | ရေပေးရေး | လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း(၆'Ø×၂၀') | ပထမ |
| ၁၁ | အခြေခံအဆောက်အဦ | ရေပေးရေး | ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း(၁၆၅၀') | ဒုတိယ |
| ၁၂ | အခြေခံအဆောက်အဦ | ရေပေးရေး | ဂါလံ(၅၀၀၀)ဆံ့ရေကန်ဆောက်လုပ်ခြင်း | တတိယ |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းသွယ်(၁) မြေသားလမ်းမှ ကွန်ကရစ်သို့ အဆင့်မြှင့်ခြင်း | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းသွယ်(၂) မြေသားလမ်းမှ ကွန်ကရစ်သို့ အဆင့်မြှင့်ခြင်း | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၀/၄)မိုင် | |
| ၁၆ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၁၇ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၈ | ငွေကြေး | ဘဏ် | ငွေကြေးဝန်ဆောင်မှုကဏ္ဍ တိုးတက်အောင်ပြုပြင်ပြောင်းလဲခြင်း။ | |
| | | | | |

နောက်ဆက်တွဲ (၁)

ကျောက်ဖြူကျေးရွာ ၊ ရေဖြူကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးအောင်သန်း | ဦးလှရှိ | ၆/လလန(နိုင်)၀၄၉၆၆၉ | ၆၀ | နာယက | ၀၉-၄၅၅၈၄၄၉၁၂ |
| ၂။ | ဦးသိန်းဝင်း | ဦးစောညွန့် | ၆/လလန(နိုင်) | ၇၂ | နာယက | - |
| ၃။ | ဦးမြင့်လွင် | ဦးထွန်းကြီး | ၆/လလန(နိုင်) | ၅၇ | နာယက | ၀၉-၈၉၅၄၁၇၀၀၂ |
| | | | | | | |
| ၁ | ဦးတင်အေး | ဦးသောင်းကြည် | ၆/လလန(နိုင်)၀၁၇၇၃၅ | ၆၀ | ဥက္ကဋ္ဌ | ၀၉-၇၈၈၆၇၂၇၃၈ |
| ၂ | ဒေါ်မြင့်မြင့်ထွေး | ဦးဖိုးအင် | ၆/လလန(နိုင်)၀၁၇၈၂၀ | ၅၅ | အတွင်းရေးမှူး | ၀၉-၇၆၁၅၉၁၄၈၂ |
| ၃ | ဦးကျော်တင် | ဦးတင်စိ | ၆/လလန(နိုင်)၀၁၇၅၈၉ | ၄၉ | ဘဏ္ဍာရေးမှူး | ၀၉-၈၉၅၀၃၆၃၀၈ |
| ၄ | ဦးဟန်အေး | ဦးဘစု | ၆/လလန(နိုင်) ၀၁၇၇၀၂ | ၆၈ | စာရင်းကိုင် | - |
| ၅ | ဦးစိုးနိုင် | ဦးထူးရှိ | ၆/လလန(နိုင်)၀၅၉၅၆၃ | ၄၃ | အဖွဲ့ဝင် | ၀၉-၂၅၈၆၇၆၈၃ |
| ၆ | ဒေါ်ရီဝင်း | ဦးထူးရှိ | ၆/လလန(နိုင်)၀၁၇၆၉၃ | ၅၁ | အဖွဲ့ဝင် | ၀၉-၂၅၃၂၈၉၃၅၃ |
| ၇ | ဒေါ်လွင်လွင်ချို | ဦးမောင်ရွှေ | ၆/လလန(နိုင်) ၀၉၁၂၆၃ | ၃၁ | အဖွဲ့ဝင် | ၀၉-၄၅၁၈၉၈၁၄၇ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၆ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၂၉ | ၅၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၇ | ၃၈ | ၇၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၂၇ | ၄၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၃ | ၂၃၇ | ၄၅၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်အို | ၂၄ | ၁၈ | ၄၂ |
| စုစုပေါင်း | | ၃၂၈ | ၃၅၅ | ၆၈၃ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၈ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင် (၁)နှစ်အောက်ကလေးများမှာ ကျား(၅)နှင့် မ(၆)ဦးသာ ရှိပါသည်။(၅)နှစ်အောက်ကလေးများမှာ ကျား(၂၇)ဦးနှင့် မ(၂၉)ဦးစုစုပေါင်း (၅၆)ဦး ရှိပါသည်။ (၅)နှစ်မှ (၉)နှစ်အထိကလေးများမှာ ကျား(၃၇)နှင့် မ(၃၈)ဦးရှိပါသည်။ အလယ်တန်းကျောင်းသားအရွယ်များမှာ ကျား(၂၂)နှင့် မ(၂၇)ဦးရှိပြီး ထိုကျောင်းသား/သူများသည် ရေဖြူ အထက်တန်းကျောင်းတွင် တက်ရောက်ကြပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၂၁၃) နှင့် မ(၂၃၇)ဦးရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈ | ၁၈ | ၆ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၈ | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | တိရစ္ဆာန် မွေးမြူရေး | | | | |
| ၂ | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| ၃ | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၀ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | သစ်တောလုပ်ငန်း | | | | |
| ၄ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၁၃ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၅ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ထုတ်ကုန်လုပ်ငန်း | | | | |
| ၆ | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၈ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၇ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| ၈ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၉ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၉ | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၆ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| ၁၀ | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| ၁၁ | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၁၈ | ၁၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၁ | ၁၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၁၂ | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | | မြင့် ☐ လတ် ☐ နိမ့် ☑ |



CS CamScanner

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၅ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၈ | ၂၉ | ၈ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - "စိုက်ပျိုးရေး" ကဏ္ဍ

၈၊ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင် စိုက်ပျိုးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပြီး စပါးနှင့် ရာဘာအား စိုက်ပျိုးမှု ပိုများပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား အဓိကအလုပ်ကိုင်အဖြစ် လုပ်ကိုင်သော အိမ်ထောင်စု(၁၈)စုရှိကာ လူဦးရေ(၁၈)ဦး ရှိပါသည်။ ကျေးရွာတွင် ဒုတိယဝင်ငွေရလုပ်ငန်း အမျိုး အစားမှာ အရောင်းအဝယ်လုပ်ငန်းဖြစ်ပြီး ကုန်စုံဆိုင်၊ စက်သုံးဆီဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ခေါင်းရွက်ဗျက်ထိုးရောင်းသူများဖြစ်ပါသည်။ အရောင်းအဝယ်လုပ်ငန်းအား လုပ်ကိုင်သော အိမ်ထောင်စုများမှာ ကျေးရွာတွင်(၄၃)ဦးခန့်ရှိပြီး ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပါသည်။ ထိုအပြင် ရေလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်လည်း ရှိပြီး ဝင်ငွေရပ်တည်နိုင်မှုမှာ အလယ်အလတ်ပါသည်။ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပရိဘောဂလုပ်ငန်း၊ အလူမီနီယမ်လုပ်ငန်းနှင့် အုတ်လုပ်ငန်းတို့အား လုပ်ကိုင်ကြပါသည်။ ၎င်းအပြင် ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သား၊ အလှပြင်ဆိုင်တို့ရှိကြပြီး ပညာရေးဝန်ထမ်းလည်း များပြားပါသည်။ ထို့အပြင် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ(၁၃)ဦး၊ ဟိုတယ်စားသောက်ဆိုင်တွင် လုပ်ကိုင်သူ(၄)ဦးနှင့် ဧည့်လမ်းညွှန် (၁)ဦးလည်းရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများမှာ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြပြီး (၃၇)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အနည်းအငယ်ရှိသဖြင့် စားဝတ်နေရေးအတွက် အသင့်အတင့် အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၂၀၀၀ | | ၈၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၅၀၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | | ၃၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၅၀၀၀ | | ၃၀၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | | ၁၀၀၀၀ | | ၇၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သင်တန်း ပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး တစ်နေ့လျှင် အများဆုံးလုပ်အားခ နှုန်းထားမှာ အမျိုးသားမှာ (၁၀၀၀၀-၈၀၀၀) အကြားရှိပြီး အမျိုးသမီးမှာ(၇၀၀၀-၆၀၀၀)အကြား ရှိပါသည်။ ရေငန်းငါးဖမ်းလုပ်ကိုင်သူများမှာ အမျိုးသားများသာ လုပ်ကိုင်ကြပြီး (၈၀၀၀-၁၂၀၀၀)အကြားရရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၈၀၀၀) ကျပ်မှ အနည်းဆုံး (၆၀၀၀) အထိ ရရှိပါသည်။ လက်လီလက်ကားရောင်းဝယ်မှုများမှာ အများဆုံး (၅၀၀၀) မှ အနည်းဆုံး (၃၀၀၀) အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များ အနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၀၀၀၀)မှ အနည်းဆုံး (၇၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီ များ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။ ယာဉ်၊ စက်ကိရိယာပြင်ဆင်သူများမှာ ဝင်ငွေပုံမှန်မရရှိပါ။ ဟိုတယ်နှင့် စားသောက်ဆိုင်တွင် လုပ်ကိုင်သူများမှာ အမျိုးသားနှင့် အမျိုးသမီး လုပ်အားခနှုန်းထား တူညီကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၈၀.၅၅ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၄.၇၅ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဓနိတောမြေ | ၂ | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| စားကျက်မြေ | ၁ | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့် ☑ | ညံ့ ☐ |
| စုစုပေါင်း | ၁၃၈.၃၀ | ☒ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်

မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စိုက်ပျိုးမြေကေမှာ (၁၃၈.၃၀) ကေရှိပါသည်။ လယ်မြေမှာ (၈၀.၅၅) ကေရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ်ခြံမြေ(၅၄.၇၅)ရှိပြီး ရာသီနှင့် ကွမ်းစိုက်ပျိုးမှု ပိုများပါသည်။ ၎င်းအပြင် ဓနိတောမြေ(၂)ကေနှင့် မြေလွတ်မြေလပ်(၁)ကေသာရှိသဖြင့် စိုက်ပျိုးမြေများ တိုးချဲ့ရန် အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်များ မထွက်ရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ကျောက်စရစ်များကို အနည်းအငယ် အသုံးချနိုင်သော်လည်း ခက်ခဲပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အစိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၈ | ၅၀ | ၃၀ | ၂၀ |



CS CamScanner

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာ၏ ဥစ္စာဓနအခြေအနေအား အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုဟူ၍ (၄)ပိုင်း သတ်မှတ်ထားပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ၏ မြေယာ ပိုင်ဆိုင်မှုမှာ(၈)ကေပိုင်ဆိုင်ကြပြီး အိမ်အခြေအနေမှာ နှစ်ထပ်အိမ်၊ သွပ်မိုး၊ အုတ်ကာ များဖြစ် ကြပါသည်။ ကုန်ထုတ်လုပ်မှုဆိုင်သော ပိုင်ဆိုင်မှုများအနေဖြင့် ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ် ပိုင်ဆိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရာဘာစိုက်ပျိုးကြကာ အိမ်ထောင်စု (၂၈)စု ခန့်သာရှိ ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၅၀)စုရှိပြီး မြေယာပိုင်ဆိုင်မှုမှာ (၄)ကေအကြားနှင့် အိမ်ခြေအနေမှာ တစ်ထပ်အိမ်၊ ပျဉ်ထောင်၊ဓနိမိုးများ ဖြစ်ကြပါသည်။ အဓိက စီးပွားရေးလုပ်ငန်း အဖြစ် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြပြီး ဆိုင်ကယ်များကို ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၅၀)အိမ်ထောင်စုရှိပြီး ကျေးရွာ၏(၃၉%)ခန့်ရှိပါသည်။ ထိုသူများသည် အများအားဖြင့် စိုက်ပျိုးရေး၊ လက်သမား၊ ပန်းရံ နှင့် ကျဘန်း အလုပ်သမား များ ဖြစ်ကြပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၂ | ၁ | ၃ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျောက်ဖြူကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် သက်ကြီးရွယ်အို (၃)ဦးရှိပါသည်။ ထိုအဖိုးအဖွားများအား ကျေးရွာမှ ပြုစု စောင့်ရှောက်ထားပါသည်။ ထို့အပြင် ဆင်းရဲ၍ မိသားစု ဦးရေ များသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၄)စုရှိသည့်အပြင် မုဆိုးဖို(၂)ဦးလည်းရှိပါသည်။ ကျေးရွာတွင် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စုများမရှိပါ။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |



CamScanner

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်ဖြူကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ မီးဘေး၊ တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု၊ လေျှင်၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်း၊ သစ်တောပြုန်းတီးမှု၊ ဆားငန်ရေဝင်ရောက်မှု၊ မြေပြိုမှုနှင့် မြေဆီလွှာ ပျက်စီးမှုတို့ မရှိပါ။ သို့သော် စိုက်ပျိုးရေ မလုံ လောက်မှု၊ ငှက်ဖျားရောဂါ ၊ တီဘီရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါတို့မှာ အနည်းငယ် ဖြစ်ပွားတတ်ပြီး ထိခိုက်လွယ်မှုနိမ့်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ချောမွေ့ သဖြင့် အခက်အခဲ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

